SHWE EIN                                        Perkins®

# OCCUPATIONAL HEALTH AND SAFETY POLICY

SEM is committed to protecting the Health and Safety of all persons in the workplace including employees, contractors and other visitors, as well as protection of the Environment. SEM demonstrates this commitment through its Management System that is integrated with all organizational activities related to products, services and people.

SEM's employees, contractors and visitors have a duty of care including the responsibility to work safely, to take all reasonable care for their own health and safety, and to consider the health and safety of other people who may be affected by their actions.

SEM will take all reasonable and practical steps to improve work safety conditions and reduce the impact of its activities on the environment. SEM will strive to uphold its core values of safety, knowledge, integrity and leadership in order to achieve its goal of zero harm. SEM is committed to:

- Complying with all applicable Safety, Health and Environmental laws, regulations, standards and other.
- Providing safe plant, tools, and equipment, for controlled work.
- Implementing risk and hazard management systems which are relevant and suitable for the organization's risk exposure as well as identify, promote and continuously improve Health, Safety and Environmental performance.
- Ensuring all managers remain directly responsible and accountable for the health, safety and welfare of their employees and provide adequate resources to assist managers in this cause.
- Provision of appropriate Safety, Health and Environmental training to all relevant persons.
- Maintaining relevant policies, procedures, systems, information, training, recognition programs, and organizational structures to support and communicate effective Safety, Health, and Environmental practices throughout the company.
- Utilizing appropriate internal and/or external expertise when required in all related activities.
- Establishing clear targets and objectives to improve Health, Safety and protection of the Environment in the workplace.
- Effectively disseminating Health, Safety and Environmental protection information to all employees as part of each location's consultative process including forums and publications.
- Maintaining a positive safety culture through encouraging active participation, consultation and cooperation of all employees, contractors and visitors in promoting and developing measures to improve Safety, Health and the Environment at work.
- Actively responding to and investigating all incidents, and ensuring injured employees are returned to suitable work at the earliest possible opportunity through equitable claims management and rehabilitation practices.
- Apply 3R (Reduce, Reuse & Recycle) Program to reduce waste, save resources and environment.

SEM will implement and maintain these systems, inclusive of standards, policies and procedures. These standards will be monitored regularly to ensure their integrity and effectiveness to facilitate continuous improvement.

Khin Maung Win

MD, SEM

SHWE EIN

Perkins®

# ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် မူဝါဒ

SEM သည် လုပ်ငန်းခွင်ရှိ ဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် ဧည့်သည်များ၏ ကျန်းမာရေးနှင့် အန္တရာယ် ကင်းရှင်းရေးကို ကာကွယ်စောင့်ရှောက်သည့်နည်းတူ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု သန္နိဋ္ဌာန် ချထားပါသည်။ SEM သည် ဤသန္နိဋ္ဌာန်ကို မိမိတို့၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ထမ်းများနှင့် ဆက်နွယ် ပတ်သက်သော ကုမ္ပဏီ၏ ဆောင်ရွက်မှုတိုင်းနှင့် တစ်သားတည်းဖြစ်သော စီမံခန့်ခွဲစနစ်မှုဖြင့် ဖော်ဆောင်ပါမည်။

SEM ၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် ဧည့်သည်များသည် အန္တရာယ်ကင်းစွာ အလုပ်လုပ်ရန် ဂရုပြုရမည့် တာဝန်ရှိပြီး မိမိကိုယ်တိုင် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအပြင်၊ မိမိတို့ အပြုအမူကြောင့် ထိခိုက်နိုင်သည့် အခြားသူများ၏ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးကိုလည်း ထည့်သွင်းစဉ်းစားရန် တာဝန်ရှိပါသည်။

အလုပ်ခွင် အန္တရာယ်ကင်းရှင်းရေး အခြေအနေများ ပိုမိုကောင်းမွန်စေရန်နှင့် ကုမ္ပဏီလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုများလျော့နည်းစေရန် SEM သည် ကျိုးကြောင်းဆီလျော်၍ လက်တွေ့ကျသောအဆင့်များဖြင့် ဆောင်ရွက်မည်။ –သုည–ထိခိုက်မှုပန်းတိုင်သို့ရောက်ရှိရေးအတွက် ကုမ္ပဏီ၏မဏ္ဍိုင်တန်ဖိုးများဖြစ်သည့် အန္တရာယ် ကင်းရှင်းမှု၊ ဗဟုသုတ ပြည့်ဝမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် ဦးဆောင်နိုင်စွမ်းရှိမှုတို့ကို မြှင့်တင်ရန် အားထုတ်ကြိုးပမ်းပါမည်။ SEM သည်–

- ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စံနှုန်းများ အားလုံးကို လိုက်နာရန်
- အန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်နေရာ၊ ကိရိယာနှင့် စက်ပစ္စည်း၊ ဝတ်စုံများ ပံ့ပိုးရန်
- ကုမ္ပဏီ၏ Risk ထိတွေ့မှုများနည်းတူ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များကို သတ်မှတ်မှု၊ တိုးမြှင့်မှုနှင့် စဉ်ဆက်မပြတ် မွမ်းမံမှုများနှင့် ဆီလျော်သော Risk and Hazard စီမံထိန်းချုပ်ရေးစနစ် အကောင်အထည်ဖော်ရန်
- မန်နေဂျာ အားလုံးသည် ဝန်ထမ်းများ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဖူလုံရေး အတွက် တိုက်ရိုက်တာဝန်ရှိပြီး၊ ထိုသို့ တာဝန်ယူနိုင်ရေးအတွက် လုံလောက်သော ကူညီ ပံ့ပိုးမှုပေးရန်
- သက်ဆိုင်သူများအတွက် သင့်လျော်သော ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သင်တန်းများကို စီစဉ်ပံ့ပိုးရန်
- ကုမ္ပဏီတစ်ဝှမ်း ထိရောက်သော ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထများကို ပံ့ပိုး၊ ဆက်သွယ်နိုင်ရေးအတွက် သင့်လျော်သော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များ၊ အသိပညာပေးခြင်းများ၊ သင်တန်းများ၊ အားပေးချီးမြှင့်မှုအစီအစဉ်များနှင့် ကုမ္ပဏီဖွဲ့စည်းပုံများကို ထိန်းသိမ်းထားရန်
- ကုမ္ပဏီအတွင်း/ ပြင်ပမှ သင့်လျော်ရာ ကျွမ်းကျင်မှုများ၊ အကြံဉာဏ်များကို လိုအပ်သလိုအသုံးချရန်
- အလုပ်ခွင် ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ပိုမို ကောင်းမွန်လာစေရန် ရှင်းလင်းပြတ်သားသော ရည်စူးချက်နှင့် ဦးတည်ချက်များ သတ်မှတ်ထားရှိရန်
- လုပ်ငန်းခွင်တစ်ခုချင်းစီ၌ နှီးနှောဖလှယ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းကဲ့သို့သော တိုင်ပင်ဆွေးနွေးသည့် နည်းလမ်းများဖြင့် ဝန်ထမ်းများအားလုံးအတွက် ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ထိရောက်စွာ ဖြန့်ဖြူးပေးရန်
- အလုပ်ခွင်အတွင်း ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအလေ့အထများ ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် စီမံဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ဧည့်သည်များ တက်ကြွစွာပူးပေါင်း ဆောင်ရွက်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းတို့ကို အားပေး၍ ကောင်းမွန်သော အန္တရာယ်ကင်းရှင်းရေးယဉ်ကျေးမှုကို ထိန်းသိမ်းသွားရန်
- မတော်တဆမှုအားလုံးကို အရေးတယူ စုံစမ်းစစ်ဆေးပြီး၊ ထိခိုက်ဒဏ်ရာရသည့် ဝန်ထမ်းများကို သင့်လျော်သော လုပ်ငန်းခွင်သို့ ဆောလျင်စွာ ပြန်လည် ဝင်ရောက်ခွင့်ရရေးအတွက် သာတူညီမျှ ခံစားခွင့်များရရှိရေးနှင့် ပြန်လည်ကျန်းမာကြံ့ခိုင်ရေး အစီအမံများဖြင့် ဆောင်ရွက်ပေးရန်… သန္နိဋ္ဌာန်ချထားပါသည်။

SEM သည် စံနှုန်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ပါဝင်သော ဤစနစ်များကို အကောင်အထည်ဖော်၍ ထိန်းသိမ်းသွားပါမည်။ အဆိုပါစံနှုန်းများ၏ တိကျစွာလိုက်မှုနှင့် ထိရောက်မှုကိုလည်း ပုံမှန်စောင့်ကြည့် စစ်ဆေးကာ စဉ်ဆက်မပြတ် မွမ်းမံမှုများ ဆောင်ရွက်သွားပါမည်။

Khin Maung Win
MD, SEM